
mgyoe.com

# မြန်မာစာပေ မော်ဒန်ပြဿနာ ဆွေးနွေးပွဲ


မောင်သာနိုး၊ ဇော်ဇော်အောင်၊ သစ္စာနီ



mgyoe.com

mgyoe.com

မြန်မာစာပေလောကမှာ မော်ဒန်လို့ဆိုရမယ့် အရေးအသားသစ် တင်ပြပုံအသစ်ဖြစ်တဲ့ ဝတ္ထုတိုတွေ ကဗျာတွေ ဆင့်ကဲပေါက်ဖွားလာကြတယ်။ အဲသလို ပေါ်ပေါက်လာတာကို အဟောင်းကို ဖက်တွယ်ထားချင်တဲ့ အစဉ်အလာသမားတွေက မကျေနပ်ဘူး။ အရပ်စကားနဲ့ပြောရရင် မျက်စိစပါးမွေးစူးတယ်ပေါ့။ အဲဒီတော့ (ဝေဖန်သုံးသပ်တယ်ဆိုတာထက်) ဝိုင်းပြီး ကဲ့ရဲ့ပြစ်တင်စကား ဆိုကြတယ်။ ဥပမာ သူတို့ ရေလဲသုံးလေ့ရှိတာက သရုပ်ပျက်တွေ၊ အရူးချီးပန်းတွေ စသဖြင့်ပေါ့လေ။ မော်ဒန်ပန်းချီနဲ့ မော်ဒန်ဂီတ (စတီရီယိုသီချင်း)ဟာလည်း စတင်ပေါ်စက ဒီလိုပဲ။ အခုတော့ ဒီနှစ်ခုလုံးဟာ ခြေခြေမြစ်မြစ် ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်တဲ့ အဆင့်ကို ရောက်နေပါပြီ။ မြန်မာမော်ဒန်ပန်းချီဆိုရင် ကမ္ဘာကိုတောင် ခြေဆန့် နေရာယူနိုင်ပြီ။ အသစ်သမားတွေကလည်း ပထမတော့ ခုခံကာကွယ်ရုံ ကာကွယ်တယ်။ နောက်တော့ အဟောင်းသမားတွေကို ဆန့်ကျင်တိုက်ခိုက်လာတော့တယ်။ အပြန်အလှန် ဆန့်ကျင်တိုက်ခိုက်နေကြတာတွေဟာ အချိန်ကုန်လူပန်းဖြစ်တာပဲ အဖတ်တင်နိုင်တယ်။ တကယ်တမ်းကတော့ ကိုယ့်အလုပ်ကိုယ် လေးလေး မြတ်မြတ်နဲ့ ယုံယုံကြည်ကြည် လုပ်ကြဖို့ပဲ ရှိတယ်။ မလိုအပ်တဲ့ အရာကို အချိန်ကာလ(သမိုင်း)က ဖယ်ရှားသွားပါလိမ့်မယ်။ -သစ္စာနီ၏ဆွေးနွေးချက်မှ




ISBN 9789997117717
KLS118
9 789997 117717
700.00 KS

mgyoe.com

မြန်မာစာပေ မော်ဒန်ပြဿနာဆွေးနွေးပွဲ၊ မောင်သာနိုး၊ ဇော်ဇော်အောင်၊
သစ္စာနီ၊ ဒီလိုင်းအယ်ဒီတာအဖွဲ့
မျက်နှာဖုံးဒီဇိုင်း - unsplash image
စာမျက်နှာ ၄၉ မျက်နှာ၊ ၁၀ • ၂ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# မြန်မာစာပေ
# မော်ဒန်ပြဿနာ ဆွေးနွေးပွဲ

မောင်သာနိုး၊ ဇော်ဇော်အောင်၊
သစ္စာနီ၊ ဒီလှိုင်းအယ်ဒီတာအဖွဲ့

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


၁။ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဒီလိုင်း အယ်ဒီတာ ၁

၂။ မြန်မာစာပေမော်ဒန်ပြဿနာ
ဆွေးနွေးပွဲ အမေးပုစ္ဆာများ ဒီလိုင်း အယ်ဒီတာ ၆

၃။ မြန်မာစာပေ မော်ဒန်ပြဿနာ
ဆွေးနွေးပွဲ အဖြေများ

(က) သစ္စာနီ ၁၀

(ခ) ဇော်ဇော်အောင် ၃၅

(ဂ) ဟောင်သာနီး ၄၈


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍

စာပေ၊ ပန်းချီ စသည့် ဖန်တီးမှုအနုပညာများဆိုသည်မှာ သူ့အမည်နာမက ဖော်ညွှန်းသည့်အတိုင်း တီထွင်ဖန်တီးရသော အလုပ်များဖြစ်သည်။

ဖန်တီးမှု၊ တီထွင်မှု ထိုမှ ဖြစ်ပေါ်လာသော 'သစ်ဆန်းမှု' (အတွေးသစ်ဆန်းမှု၊ အရေးသစ်ဆန်းမှု စသည်များ)ကြောင့် စိတ်ဝင်စားဖွယ်၊ စွဲလမ်းနှစ်သက်ဖွယ် ဖြစ်ရသည်။

ဖန်တီးတီထွင်မှု အားကောင်းလျှင် ဩဇာကြီးသည်။ အားကောင်းသူတစ်ဦး၊ သို့မဟုတ် တစ်စု၏ အားအရှိန် ဩဇာတို့ဖြင့် အနုပညာ 'ခေတ်'များ ဖြစ်ပေါ်သည်။

mgyoe.com

mgyoe.com



ခေတ်တစ်ခုသည် အချိန်ကာလတစ်ခုသို့ရောက်သော် သူ၏ သစ်ဆန်းမှု အရှိန်အဟုန် ကုန်ဆုံးသည်။ သူ့ပုံစံ ဖန်တီးမှုများသည် အံ့သြနှစ်သက်ဖွယ် မဖြစ်တော့။ ရိုက်ခတ်မှု၊ လွှမ်းမိုးမှု မရှိတော့။ တစ်နည်းဆိုသော် ခေတ်ကုန်လာသည်။

သည်အချိန်အခါမျိုး၊ သို့မဟုတ် ယင်းမတိုင်မီ ကာလလောက်တွင်ပင် ယင်း၏ ရိုးအီလာသော တွေးဟန် ရေးဟန်တို့ကို စွန့်ပယ်ကာ မျက်မှောက်ကာလ ပရိသတ်အတွက် ပို၍ လတ်ဆတ်ရှတသော အထိအတွေ့ကိုပေးမည့် အတွေးသစ် အရေးသစ်သမားများ ပေါ်လာတတ်သည်။

ခေတ်သစ်တစ်ခု အစပျိုးလာခြင်းဖြစ်သည်။

* * *

စာပေအနုပညာသမိုင်းကို ကြည့်လျှင် အစဉ်ဆန်းသစ် တီထွင်ပြောင်းလဲနေသော သဘောကို မြင်ရတတ်သည်။

များသောအားဖြင့်ကား ပြောင်းလဲမှုသည် တရွေ့ရွေ့။ အဟောင်းထဲတွင် အသစ်တို့ အစဉ်မပြတ် စိမ့်ဝင်လဲလှယ် နေရာယူသွားခြင်းမျိုး ဖြစ်သည်။ အဟောင်းအသစ် ပဋိပက္ခ မကြီးမား။

mgyoe.com

mgyoe.com


သို့သော် တစ်ခါတစ်ရံ၌မူ တစ်ချိန်က အရှိန်ကြီးခဲ့သော အဟောင်းထုသည် အသစ်ကိုလက်ခံရန် ဝန်လေးကာ ပြောင်းလဲမှုကို ဆန့်ကျင်နေတတ်ကြသည်။ တစ်ခါတစ်ရံလည်း အဟောင်းတို့ သက်တမ်းမကုန်မီ အသစ်က အတင်းတိုးဝင်ချင်တာမျိုး ရှိတတ်သည်။ သည်အခါမျိုးတွင်မူ အဟောင်းအသစ် တိုက်ခိုက်သည့် အသံဗလံများ ဆူညံသွားတတ်သည်။

မည်သို့ဖြစ်စေ အသစ်သည် တကယ်စစ်မှန်သော ဖန်တီးမှုအသစ်ဖြစ်ပါက အချိန်တန်လျှင် သူ့ခေတ်ကာလ ရောက်ရှိရမည်မှာ သဘာဝဖြစ်သည်။

အနုပညာ ခေတ်သစ်။ ယခင်နှင့် မတူသော ဖန်တီးမှုအသစ်။

* * *

အသစ်သမားတို့သည် မိမိတို့ကိုယ်တိုင်၏ ဖန်တီးမှုများနှင့်ပတ်သက်၍ ကြွေးကြော်တတ်၊ ကြေညာတတ်သော သဘောရှိသည်။ မိမိတို့ကိုယ်ကိုလည်း အမည်နာမများ ပေးတတ်ကြသည်။

သို့သော်လည်း ခေတ်အဆက်ဆက် ကမ္ဘာတွင် စာပေ အနုပညာခေတ်သစ် ထူထောင်သူတို့ မိမိတို့ဘာသာပေးခဲ့ကြသည့် အမည်နာမများက များသော

mgyoe.com

mgyoe.com

အားဖြင့် ဆင်တူယိုးမှားများသာ ဖြစ်ခဲ့ကြသည်။
Neo-, New, Nouveau, Post-, Modern,.... စသဖြင့်။
အဟောင်းမဟုတ်ဘူး၊ အသစ်။ မနေ့ကဟာတွေ၊ အရင်ခေတ်ကဟာတွေ မဟုတ်ဘူး။ ဒီနေ့ဟာ၊ ဒီခေတ်ဟာတွေ ဟူ၍ ပြောဆိုကြေညာသည့် သဘောဖြစ်သည်။

* * *

ယနေ့ မြန်မာနိုင်ငံတွင် တစ်နေ့တခြား အသံဗလံ ညံလာနေသည့် မြန်မာစာပေနယ်မှ 'မော်ဒန်'သည် ကော။
သူ၌ အဟောင်းနှင့် တကယ်ကွဲပြားခြားနားသည့် တီထွင်ဖန်တီးမှုအသစ်များ ရှိသလော။
၎င်းမော်ဒန်သည် မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်တစ်ခု ဖြစ်သလော။
မော်ဒန်သည် အနာဂတ် မြန်မာစာပေ၏ အဓိကလမ်းကြောင်းတစ်ခု ဖြစ်လာနိုင်သလော။
..... အစရှိသည်များကို စူးစမ်းစစ်ကြောကြည့်ရန်နှင့် ယင်းနှင့်စပ်လျဉ်းသည့် ရှုပ်ထွေးပွေလီမ်သော ပြဿနာများကို ရှင်းနိုင်သရွေ့ ရှင်းလင်းပီပြင်စွာ ပုံဖော်

mgyoe.com

mgyoe.com


ကြည့်နိုင်ရန် ရည်ရွယ်လျက် ယခု 'မြန်မာစာပေ မော်ဒန် ပြဿနာ ဆွေးနွေးပွဲ'ကို မော်ဒန်ကိစ္စ၌ အလေးထားကြသည့် ဆရာများ အကူအညီဖြင့် စီစဉ်လိုက်ခြင်းဖြစ်ပါသည်။

ဒီလှိုင်းမဂ္ဂဇင်း–အယ်ဒီတာ

❖

mgyoe.com

mgyoe.com

## မြန်မာစာပေ မော်ဒန်ပြဿနာ ဆွေးနွေးပွဲ အမေးပုစ္ဆာများ

၁။ မြန်မာစာပေမှာ မော်ဒန်ပြဿနာဟာ ဘာတွေကို အရင်းခံပြီး ပေါ်ပေါက်လာပါသလဲ။

(မြန်မာမော်ဒန် ပြဿနာရဲ့အစ)

(မော်ဒန်လို့ဆိုမယ့် မြန်မာဝတ္ထုတို၊ မြန်မာကဗျာတွေကို ဝေဖန်သုံးသပ်ရာက ဖြစ်ပေါ်လာသလား။ ဒါမှမဟုတ် နိုင်ငံတကာ မော်ဒန်စာပေ အယူအဆတွေအကြောင်း ရေးသားပြောဆိုရာက စတင်လာသလား။)

mgyoe.com

mgyoe.com


၂။ မြန်မာစာပေမှာ ဘယ်အရေးအသားတွေကို မော်ဒန်လို့ ခေါ်မလဲ။ ဘာကြောင့် ခေါ်သလဲ။ နမူနာ ပြပြီး ပြောပေးပါ။

သူတို့ရဲ့ ထူးခြားချက်တွေ၊ သို့မဟုတ် မြန်မာမော်ဒန်တွေရဲ့ ယေဘုယျလက္ခဏာတွေက ဘာတွေလဲ။ လက္ခဏာတစ်ခုချင်းကိုပါ ရှင်းလင်းဖော်ပြပေးပါ။

၃။ မြန်မာမော်ဒန် အရေးအသားတွေ ဘာကြောင့် ပေါ်ပေါက်လာရတယ် ထင်ပါသလဲ။

၄။ အဲဒီ မော်ဒန်တွေဟာ အရင်က ရှိနှင့်တာတွေ၊ ဒီနေ့ရှိတဲ့ တခြားအရေးအသားတွေထက် ပိုကောင်းတယ်၊ သို့မဟုတ် အဆင့်မြင့်တယ်လို့ ဆိုပါသလား။

ဘာကြောင့် ဆိုပါသလဲ။

၅။ ဒီနေ့ မြန်မာစာပေမှာ မော်ဒန်ဟာ ဘယ်လောက်အတိုင်းအတာအထိ လွှမ်းမိုးမှုရှိနေတယ် ထင်ပါသလဲ။

သူ့ရဲ့အလားအလာ ဘယ်လိုရှိနိုင်ပါသလဲ။ ရှေ့နှစ်များမှာ မော်ဒန်ဟာ မြန်မာစာပေရဲ့ အဓိကလမ်းကြောင်းဖြစ်လာလိမ့်မယ်လို့ ယူဆပါသလား။

mgyoe.com

mgyoe.com


၆။ ဒီနေ့ မြန်မာမော်ဒန်ဟာ ကမ္ဘာမှာရှိတဲ့ ဘယ်အယူအဆ၊ ဘယ်စာပေဝါဒတွေနဲ့ နီးနွယ်ဆက်စပ်မှု ရှိနေပါသလဲ။ ဘယ်ဟာတွေရဲ့ ဩဇာသက်ရောက်မှု ရှိတယ်လို့မြင်ပါသလဲ။

၇။ ဒီနေ့ မော်ဒန်စာပေ ရေးသားသူများဟာ
'အနုပညာသည် အနုပညာအတွက်'
'အနုပညာသည် ပြည်သူအတွက်'
'အနုပညာသည် ဘယ်သူဘယ်ဝါ ဘာညာအတွက်မှ မဟုတ်'ဆိုတဲ့ ရပ်တည်ချက်များအနေနဲ့ ဘယ်အထဲမှာ အကျုံးဝင်ပါသလဲ။

၈။ မြန်မာမော်ဒန်သမားအနေနဲ့ စာဖတ်သူအပေါ် ဘယ်လိုသဘောထားမျိုး ရှိနိုင်ပါသလဲ။
သူဟာ စာဖတ်သူကို ထည့်သွင်းစဉ်းစားပါသလား။
သူဟာ စာဖတ်သူကို ဘာတွေဘယ်လို တောင်းဆိုပါသလဲ၊ သို့မဟုတ် တောင်းဆိုတဲ့သဘော ရှိပါသလဲ။

၉။ မြန်မာမော်ဒန်သမားအနေနဲ့ မြန်မာစာပေအပေါ် ဘယ်လိုသဘောထားမျိုး ရှိနိုင်ပါသလဲ။ မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးရေးဆိုတာမျိုး သူ စဉ်းစားမလား၊ သို့မဟုတ် သူ့ကိစ္စမဟုတ်ဘူးလို့ သဘော

mgyoe.com

mgyoe.com



ထားမလား။

၁၀။အထက်မှ မေးခွန်းများထဲတွင် မပါဝင်သော်လည်း မြန်မာမော်ဒန်နဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ ထည့်ပြောသင့်တယ် ထင်တာများရှိရင် ပြောပေးပါ။

ဒီလှိုင်းမဂ္ဂဇင်း–အယ်ဒီတာ

❖

mgyoe.com

mgyoe.com

# မြန်မာစာပေ မော်ဒန်ပြဿနာ ဆွေးနွေးပွဲ အဖြေများ

## (က) သစ္စာနီ

**ပဏာမ**

ဒီလှိုင်းမဂ္ဂဇင်းကို ထုတ်ဝေသူတွေက မော်ဒန်ပြဿနာကို စိတ်ဝင်စားကြတယ်လို့ ယူဆရပါတယ်။ တာဝန်ရှိသူတစ်ဦးက သူတို့မဂ္ဂဇင်းမှာ ပါဝင်ဆွေးနွေးဖို့ ဖိတ်ခေါ်လာတယ်။ မြန်မာစာပေ မော်ဒန်ပြဿနာလို့ ခေါင်းစဉ်တပ်ထားပေမဲ့ မော်ဒန်ဆိုတာ မြန်မာပြည်က စဖြစ်တာ၊ မြန်မာတစ်နိုင်ငံတည်းကွက်ဖြစ်တာ မဟုတ်တဲ့အတွက် ကမ္ဘာ့မော်ဒန်

mgyoe.com

mgyoe.com



ပြဿနာနဲ့ နီးနွယ်ဆက်စပ်နေပါတယ်။ စာပေကိစ္စတွေထဲမှာ Modern Literature မော်ဒန်စာပေကိစ္စဆိုတာ အင်မတန် ရှုပ်ထွေး ခဲကပ် လေးနက် ကျယ်ပြန့်တဲ့ ကိစ္စဖြစ်နေတယ်။ (ကမ္ဘာမှာက Post Modern ခေတ်ဖြစ်နေပြီ။ မြန်မာမှာက မော်ဒန်တစ်ဝက်၊ ပို့စ်မော်ဒန်တစ်ဝက်၊ Semi အဆင့်မှာပဲ ရှိသေးတယ်။) သူတို့ပေးတဲ့ မော်ဒန်တွေကလည်း တချို့က ရသဗေဒ (Aesthetics) ဆိုင်ရာ၊ တချို့က ဒဿနဆိုင်ရာ၊ တချို့က သီအိုရီဆိုင်ရာ၊ တချို့က အတတ်ပညာဆိုင်ရာ ကိစ္စတွေ ဖြစ်နေပါတယ်။ Modern နဲ့ Post Modern ပြဿနာဟာ ကမ္ဘာမှာကို အပြီးသတ် အဆုံးအဖြတ်မကျနိုင် သေးတဲ့ကိစ္စ၊ ထောင့်ပေါင်းစုံ မှုကွဲအမျိုးမျိုးနဲ့ ဆွေးနွေး ငြင်းခုံနေဆဲ ကိစ္စတွေလည်း ဖြစ်ပါတယ်။ ဒီတော့ ဒီကိစ္စတွေကို တစ်ထိုင်တည်း၊ ဆောင်းပါးတစ်ပုဒ်တည်း၊ နောက်ဆုံး ကျမ်းတစ်စောင် စာတစ်အုပ်နဲ့တောင် ကျေနပ်ပြည့်စုံအောင် ပြောဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံး ပြောဖို့တော့ ဖြင့် ကြိုးစားပါ့မယ်။

**မေးခွန်း (၁) အဖြေ**

ဒီမေးခွန်းရဲ့ လိုရင်းအတိုင်း မော်ဒန် စတင်ဖြစ်

mgyoe.com

mgyoe.com


ပေါ်လာတာရဲ့အစကို မပြောတော့ဘဲ ပြဿနာရဲ့အစ ကို ပြောကြရအောင်။

၁၉၇၀ ခုနှစ် တစ်ဝိုက်လောက်မှာပဲ ဆိုပါတော့။ မြန်မာစာပေလောကမှာ မော်ဒန်လို့ဆိုရမယ့် အရေး အသားသစ်၊ တင်ပြပုံအသစ်ဖြစ်တဲ့ ဝတ္ထုတိုတွေ၊ ကဗျာတွေ ဆင့်ကဲပေါက်ဖွားလာကြတယ်။ အဲသလို ပေါ်ပေါက်လာတာကို အဟောင်းကို ဖက်တွယ်ထား ချင်တဲ့ အစဉ်အလာသမားတွေက မကျေနပ်ဘူး။ အရပ်စကားနဲ့ပြောရရင် မျက်စိစပါးမွေး စူးတယ်ပေါ့။ အဲဒီတော့ (ဝေဖန်သုံးသပ်တယ် ဆိုတာထက်) ဝိုင်းပြီး ကဲ့ရဲ့ပြစ်တင်စကား ဆိုကြတယ်။ ဥပမာ သူတို့ ရေလဲ သုံးလေ့ရှိတာက **သရုပ်ပျက်တွေ၊ အရူးချီးပန်းတွေ** စသဖြင့်ပေါ့လေ။ မော်ဒန်ပန်းချီနဲ့ မော်ဒန်ဂီတ (စတီရီယိုသီချင်း) ဟာလည်း စတင်ပေါ်စက ဒီလိုပဲ။ ချိုးချိုးနှိမ်နှိမ် ကင်ပွန်းတပ် ခံခဲ့ကြရတာပါပဲ။ အခုတော့ ဒီနှစ်ခုလုံးဟာ ခြေခြေမြစ်မြစ် ခိုင်ခိုင်မာမာ ရပ်တည်နေ နိုင်တဲ့အဆင့်ကို ရောက်နေပါပြီ။ မြန်မာမော်ဒန်ပန်းချီ ဆိုရင် ကမ္ဘာကိုတောင် ခြေဆန့် နေရာယူနိုင်ပြီ။

အဟောင်းသမားတွေ အဓိကထား လက်ညှိုးထိုး အပြစ်တင်တာကတော့ အဲဒီ မော်ဒန်ကဗျာတွေမှာ **ကာ ရန်မဲ့နေတယ်ဆိုတာနဲ့၊ သူတို့ဖတ်လို့ နားမလည်**

mgyoe.com

mgyoe.com


**နိုင်ဘူးဆိုတဲ့ အချက်နှစ်ချက်ပါပဲ။** အသစ်သမားတွေကလည်း ပထမတော့ ခုခံကာကွယ်ရုံ ကာကွယ်တယ်။ နောက်တော့ အဟောင်းသမားတွေကို ဆန့်ကျင်တိုက်ခိုက်လာတော့တယ်။ (ဒဂုန်တာရာ ရိုက်ချိုးရေးတို့၊ ကာရန်ဝါဒ ကျဆုံးရေးတို့ ကြွေးကြော်သံတွေဟာ အဲဒီက ထွက်ပေါ်လာတဲ့ ရလဒ်တွေပါပဲ။) သုံးသပ်ရမယ်ဆိုရင်တော့ နှစ်ဖက်စလုံးဟာ အစွန်းရောက်နေတယ်လို့ ဆိုနိုင်ပါတယ်။ အပြန်အလှန် ဆန့်ကျင်တိုက်ခိုက်နေကြတာတွေဟာ အချိန်ကုန်လူပန်း ဖြစ်တာပဲ အဖတ်တင်နိုင်တယ်။ တကယ်တမ်းကတော့ ကိုယ့်အလုပ်ကိုယ် လေးလေးမြတ်မြတ်နဲ့ ယုံယုံကြည်ကြည် လုပ်ကြဖို့ပဲ ရှိတယ်။ မလိုအပ်တဲ့အရာကို အချိန်ကာလ (သမိုင်း)က ဖယ်ရှားသွားပါလိမ့်မယ်။ ပြဿနာဖြစ်နေကြတာ တစ်ခုတော့ ကောင်းတယ်လို့ ပြောလို့ရတယ်။ မခံချင်လို့ ပြောဆိုရေးသားကြရာက နိုင်ငံတကာ စာပေအနုပညာ အယူအဆတွေအကြောင်း တစ်ဖက်ကကြားနာခွင့်ရနေလို့ပဲ။

**မေးခွန်း (၂) အဖြေ**

မော်ဒန်စာပေမှာ ဘယ်အရေးအသားတွေကို မော်ဒန်လို့ခေါ်မလဲ။

mgyoe.com